# နနွင်းတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

**၂။ ရွက်ပြောက်ရောဂါ** (Leaf Spot Disease)

**ရောဂါဖြစ်စေသောသက်ရှိ** : *Colletotrichum capsici (Syd.) E.J. Butler & Bisby*

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် မီးခိုးရောင်အလယ်ဗဟိုပါရှိသော အညိုရောင်အစက်အပြောက်ရှည်များကို တွေ့ရပါသည်။ အစက်အပြောက်များသည် အရှည် (၄-၅) စင်တီမီတာနှင့် အကျယ် (၂-၃) စင်တီမီတာ ခန့်ရှိသည်။ ရောဂါပြင်းထန်လာပါက အနက်ရောင်အစက်အပြောက်များပေါ်တွင် မှိုအစုအဝေးများသည် ဗဟိုတူစက်ဝိုင်းအရစ်များကဲ့သို့ဖြစ်ပေါ်လာသည်။ မီးခိုးရောင်အလယ်ဗဟိုသည် ပါးလွှာပြီး စုတ်ပြဲသွားသည်။ ရောဂါပြင်းပြင်း ထန်ထန်ကျရောက်သော အရွက်များသည် ညှိုး၍ ခြောက်သွားပြီး အဝါရောင်အနား သတ်များဖြင့် ဝန်းရံထားသည်ကို တွေ့ရှိရသည်။ အရွက်တစ်ခုတည်းတွင် အစက် အပြောက်အရေအတွက် အကန့်အသတ်မရှိတွေ့ရှိနိုင်ပြီး ရောဂါပြင်းထန်လာသည်နှင့်အမျှ အစက် အပြောက်များသည် ကျယ်လာပြီး ရွက်ပြား တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို မီးရှို့ဖျက်ဆီးပါ။
- သီးနှံအလှည့်ကျစိုက်ပျိုးပါ။

- ရေတစ်လီတာလျှင် Mancozeb (မန်ကိုဇက်) (သို့) Captan (ကက်ပ်တန်) (၃) ဂရမ်နှုန်း ဖြင့် မျိုးများကို နာရီဝက်ခန့်စိမ်ထားပြီး အရိပ်ထဲတွင် အခြောက်ခံ ပြီးမှ စိုက်ပါ။
- ရောဂါကျရောက်ပါက Mancozeb (မန်ကိုဇက်) (သို့) Captan (ကက်ပ်တန်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) စသောမှိုသတ်ဆေးများ အသုံးပြု ပက်ဖျန်းနိုင်ပါသည်။